## နိဒါန်း

သခင်**ယေရှု**၏အကြောင်း သတင်းကောင်းကို **ဂျူး**လူမျိုးမဟုတ်သော သူတို့အလယ်၌ စတင်ဟောပြောပြီး လက်ခံခဲ့ကြသည်နှင့်အမျှ လူပုဂ္ဂိုလ်တစ်ဦးသည် စစ်မှန်သော ခရစ်ယာန် ဖြစ်နိုင်ရေးအတွက် **မိုးဇက်**၏ ပညတ်တရားကို လိုက်နာရမည်လောဟူသည့် မေးခွန်းတစ်ရပ်ပေါ်ပေါက်လာခဲ့ပေသည်။ လိုက်နာရန်မလိုအပ်ကြောင်းကို**ပေါလု**ကငြင်းခုံပြောဆိုခဲ့ပြီးဖြစ်၏။ အကယ်စင်စစ်၊ စစ်မှန်သောခရစ်ယာန်ဘဝ၏တစ်ခုတည်းသော အခြေခံမှာ ယုံကြည်ခြင်းဖြစ်၍ ယင်းယုံကြည်ခြင်းအားဖြင့် ခပ်သိမ်းသော အရာတို့ကို ဘုရားသခင်နှင့် သဟဇာတဖြစ်စေသည်။ သို့ရာတွင် **အာရှမိုင်းနား**ဒေသ၏ ပြည်နယ်တစ်ခုဖြစ်သည့်**ဂလာတိယာ**ပြည်ရှိအသင်းတော်များထဲတွင် **ပေါလု**ကိုဆန့်ကျင့်သောသူများ ပေါ်ပေါက်လာ၍၊ ဘုရားသခင်နှင့် သဟဇာတ ဖြစ်ရေးအတွက် **မိုးဇက်**၏ပညတ်တရားကိုလည်း စောင့်ထိန်းရန် လိုအပ်ကြောင်း အဆိုတင်သွင်းခဲ့ကြ၏။

ဤမှားယွင်းသော သွန်သင်ချက်ကြောင့် လမ်းမှားခဲ့ရသောသူများကို စစ်မှန်သော ယုံကြည်ခြင်းနှင့် ကျင့်စဉ်များသို့ ပြန်လည်ခေါ်ဆောင်ရန်အတွက် **ပေါလု**သည် **ဂလာတိယာ** အသင်းတော်ဝင်များထံ စာရေးသားခဲ့ခြင်းဖြစ်သည်။ ထိုသို့ရေးသားရာတွင် ပေါလုသည် **ယေရှု**ခရစ်တော်၏ တမန်တော်တစ်ပါးဟု ခေါ်ထိုက်သည့် မိမိ၏အခွင့်အရေးကို ကာကွယ်ခြင်းဖြင့် စတင်ရေးသားခဲ့သည်။ **ပေါလု**က မိမိသည် တမန်တော်တစ်ပါးအဖြစ်သို့ ခေါ်တော်မူခြင်းခံရသည်မှာ ဘုရားသခင်ထံမှဖြစ်ပြီး လူသားတို့၏ အခွင့်အာဏာအားဖြင့် မဟုတ်ကြောင်းနှင့် မိမိ၏ သာသနာလုပ်ငန်းမှာလည်း အထူးသဖြင့် **ဂျူး**လူမျိုးမဟုတ် သူများအတွက် ဖြစ်ကြောင်းကိုလည်းအခိုင်အမာပြောဆိုလေ၏။ ထို့နောက် သူက လူတို့သည်ယုံကြည်ခြင်းအားဖြင့်သာလျှင်၊ဘုရားသခင်နှင့် သဟဇာတ ဖြစ်နိုင်သည်ဆိုသည့် အချက်ကို အကျယ်တဝင့်ဖော်ပြလေသည်။ နိဂုံးချုပ်အခန်းများတွင် **ပေါလု**ကခရစ်ယာန်ကျင့်စဉ်သည်ခရစ်တော်အပေါ်ထားရှိသည့်ယုံကြည်ခြင်းကို အခြေခံသည့် ချစ်ခြင်းမေတ္တာမှ အလိုအလျောက် စီးဆင်းလာခြင်းဖြစ်ကြောင်းကို တင်ပြလေသည်။

## အကြောင်းအရာ အကျဉ်းချုပ်။

| | |
|---|---|
| **နိဒါန်း –** | ၁း၁–၁၀ |
| **တမန်တော်တစ်ပါးအနေဖြင့်** | ၁း၁၁–၂း၂၁ |
| **ပေါလု၏အခွင့်အာဏာ** | |
| **ဘုရားသခင်၏ကျေးဇူးတော်အကြောင်း** | |
| **သတင်းကောင်း** | ၃း၁ – ၄း၃၁ |
| **ခရစ်ယာန်တို့၏ လွတ်လပ်မှု** | |
| **နှင့်တာဝန်ဝတ္တရား** | ၅း၁ – ၆း၁၀ |
| **နိဂုံး** | ၆း၁၁–၁၈ |

### အခန်းကြီး (၁)

### နှုတ်ခွန်းဆက်စကား

၁။ လူတို့ခန့်အပ်ထားသည်လည်းမဟုတ်၊လူမှတစ်ဆင့်
လည်းမဟုတ်ဘဲ **ယေရှု**ခရစ်တော်နှင့်ကိုယ်တော်ကို
သေခြင်းမှ ရှင်ပြန်ထမြောက်စေသည့် အဖ ခမည်း
တော်အားဖြင့် ခန့်အပ်ခြင်းခံရသော တမန်တော်
၂။ တစ်ပါးဖြစ်သည့် ငါ**ပေါလု**မှစ၍၊ ငါနှင့်အတူရှိကြ
သောညီအစ်ကိုအပေါင်းတို့သည်**ဂလာတိယာ**ပြည်ရှိ
၃။ အသင်းတော်များအား၊ငါတို့သခင်**ယေရှု**ခရစ်တော်
နှင့် ခမည်းတော်ဘုရား၏ ကျေးဇူးတော် နှင့် ငြိမ်
သက်ခြင်းကို ခံစားရကြပါစေဟု နှုတ်ခွန်းဆက်သ
၄။ လိုက်ပါသည်။ ငါတို့အဖဘုရားသခင်၏အလိုတော်
နှင့်အညီ ခရစ်တော်သည် မကောင်းမှုနှင့်ပြည့်ဝ
သော ဤပစ္စုပ္ပန်ခေတ်မှ ငါတို့အားကယ်တင်ရန်
မိမိကိုယ်ကိုပေးဆက်တော်မူခဲ့၏။
၅။ ကိုယ်တော်အားကာလအဆက်ဆက်ဘုန်းဂုဏ်တော်ရှိ
တော်မူပါစေ။ အာမင်။

### အခြားသတင်းကောင်းဟူ၍ မရှိ။

၆။ ခရစ်တော်၏ ကျေးဇူးတော်အားဖြင့် သင်တို့အား
ခေါ်တော်မူခဲ့သောအရှင်ကိုသင်တို့သည်ဤမျှလောက်
လျင်မြန်စွာစွန့်ခွါ၍၊ အခြားသော သတင်းကောင်း
တစ်မျိုးကို ခံယူကြသောကြောင့် ငါအံ့သြမိပါသည်။
၇။ အခြားသော သတင်းကောင်းဟူ၍ မရှိပေ။ သို့သော်
လည်း သင်တို့ကိုစိတ်အနှောင့်အယှက် ဖြစ်စေ၍၊
ခရစ်တော်၏သတင်းကောင်းကိုမှားယွင်းအောင်ပြုလို
၈။ သူအချို့ရှိ၏။ သို့ရာတွင်ငါတို့ဖြစ်စေ၊ကောင်းကင်မှ
တမန်တော်တစ်ပါးပင်ဖြစ်စေ၊ သင်တို့အား ငါဟော

ကြားခဲ့သည့်သတင်းကောင်းနှင့် ဆန့်ကျင်ဟောပြော
၉။ လျှင် ထိုသူသည်ကျိန်စာသင့်ပါစေ။ အထက်က
ငါတို့ဆိုခဲ့သည့်အတိုင်းယခုတဖန်ငါထပ်မံ၍ဆိုသည်
မှာအကြင်သူသည် သင်တို့ခံယူပြီးသော သတင်း
ကောင်းနှင့်ဆန့်ကျင်ဟောပြောလျှင် ထိုသူသည်ကျိန်
၁၀။ စာသင့်ပါစေ။ ငါသည် လူတို့၏ထောက်ခံမှုကိုရရန်
ကြိုးစားနေပါသလော၊ သို့တည်းမဟုတ် ဘုရား
သခင်၏ ထောက်ခံမှုကိုလော။ငါသည်လူတို့ကျေနပ်
နှစ်သက်စေရန် ကြိုးစားနေပါသလော။ ငါသည်
လူတို့ကျေနပ်နှစ် သက်ရန်ဆောင်ရွက်နေဆဲဖြစ်လျှင်
ခရစ်တော်၏ အစေခံမဖြစ်နိုင်ပေ။

## ပေါလုတမန်တော်တစ်ဦးဖြစ်လာခဲ့ပုံ

၁၁။ ညီအစ်ကိုတို့၊ သင်တို့အား ငါသိစေလိုသည်မှာ ငါ
ဟောပြောခဲ့သော သတင်းကောင်းသည် လူတို့ထံမှ
၁၂။ လာသော သတင်းကောင်းမဟုတ်ပေ။ အကြောင်းမူ
ကား ငါသည် ထိုသတင်းကောင်းကိုလူတစ်ဦးထံမှ
လက်ခံရရှိခဲ့သည်မဟုတ်၊ သင်ကြားခြင်းခံခဲ့ရသည်
လည်းမဟုတ်။ **ယေရှု**ခရစ်တော်၏ ဗျာဒိတ်တော်
အားဖြင့် ထိုသတင်းကောင်းကို ငါရရှိခဲ့၏။
၁၃။ **ဂျူး**ဘာသာဝင်တစ်ဦးဖြစ်ခဲ့သည့် အတိတ်ကာလက
ငါ၏ဘဝကို သင်တို့ ကြားသိကြပြီးဖြစ်သည်။ ငါ
သည် ဘုရားသခင်၏ အသင်းတော်ကို မည်မျှ
လောက် ပြင်းထန်စွာညှင်းပန်း၍ ဖျက်ဆီးရန် ကြိုး
၁၄။ စားခဲ့ကြောင်းကိုလည်းကောင်း၊ ငါသည်**ဂျူး**ဘာသာ
တရားကိုလိုက်စားရာတွင် ငါ့လူမျိုးများထဲမှ ငါနှင့်
သက်တူရွယ်တူများထက်သာလွန်ခဲ့ပြီး၊ ငါ့ဘိုးဘေး
တို့၏ ထုံးတမ်းစဉ်လာများအတွက် အတိုင်းထက်
အလွန်စိတ်အားထက်သန်ခဲ့ကြောင်းကိုလည်းကောင်း
သင်တို့ကြားသိခဲ့ကြပြီ။
၁၅။ သို့ရာတွင်ဘုရားသခင်သည် ငါမမွေးမီကပင်ငါ့ကို
ရွေးချယ်ခဲ့၍ ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့်
၁၆။ ငါ့ကိုခေါ်တော်မူခဲ့လေပြီ။ ငါသည်လူမျိုးခြားတို့
အလယ်တွင် သားတော်ဘုရား အကြောင်းကို
ဟောပြောနိုင်စေခြင်းငှါ ကိုယ်တော်သည် ငါ့အား
သားတော်ကို ဖူးမြင်ရသည့်အခွင့်ကို ကြည်ဖြူစွာ
ပေးသနားတော်မူသောအခါ ငါသည် လူသားတို့နှင့်
၁၇။ တိုင်ပင်ခြင်းကိုမပြု။ငါ့အရင်တမန်တော်ဖြစ်ခဲ့သူတို့ရှိ
ရာ**ဂျေရုဆလင်**မြို့သို့လည်းမသွားပဲ**အရေးဘီယား**သို့
၁၈။ ထွက်ခွါသွားခဲ့ပြီးမှတဖန် **ဒါမာစကု**မြို့သို့ ပြန်လာခဲ့
သည်။ထို့နောက်သုံးနှစ်လွန်ပြီးသော်**ပေတရု**နှင့်တွေ့
ဆုံရန်**ဂျေရုဆလင်**မြို့သို့သွား၍သူနှင့်အတူတစ်ဆယ့်
၁၉။ ငါးရက်နေခဲ့၏။ သူနှင့်သခင်ဘုရား၏ ညီတော်
**ယာကုပ်**မှလွဲ၍အခြားသော တမန်တော်တစ်ယောက်
၂၀။ ကိုမျှငါမတွေ့ခဲ့ပေ။သင်တို့ထံသို့ ဤသို့စာရေးရာ
တွင်ဘုရားသခင်ရှေ့မှောက်၌ ငါသည် လိမ်ညာ၍
၂၁။ မရေးကြောင်းကို ဘုရားသခင်ရှေ့မှောက်၌ ငါဝန်ခံ
သည်။ ထို့နောက် ငါသည် **ဆီးရီးယား**နှင့် **ဆီလစ်**
၂၂။ **ဆီးယား**ဒေသများသို့ သွားခဲ့သည်။ **ဂျူဒေအား**
ပြည်ရှိခရစ်တော်၏အသင်းတော်ဝင်တို့သည် ငါ့ကို
၂၃။ မတွေ့မမြင်ကြသေးပေ။ ငါတို့ကို တစ်ချိန်ကညှင်း
ပန်းနှိပ်စက်ခဲ့သူသည် သူဖျက်ဆီးရန် ကြိုးစားခဲ့
သည့် ယုံကြည်ခြင်းကို ဟောပြောနေသည်ဟူသော
၂၄။ သတင်းကိုသာ သူတို့ကြားခဲ့ကြ၏။ သူတို့သည်
ငါ့အတွက်ကြောင့် ဘုရားသခင်၏ ဘုန်းဂုဏ်တော်
ကို ချီးမွမ်းကြ၏။

## အခန်းကြီး (၂)

## ပေါလုအား အခြားတမန်တော်များက လက်ခံခဲ့ကြခြင်း။

၁။ ထို့နောက်တစ်ဆယ့်လေးနှစ်လွန်သောအခါ ငါသည်
**တိတု**ကိုခေါ်၍၊ **ဘာနဘာ**နှင့် အတူ **ဂျေရုစလင်**
၂။ မြို့သို့တဖန်သွားခဲ့၏။ ငါသည် ဗျာဒိတ်တော်အရ
သွားခဲ့ခြင်းဖြစ်ပြီး၊ လူမျိုးခြားတို့အလယ်တွင် ငါ
ဟောပြောသည့် သတင်းကောင်းကို သူတို့ရှေ့တွင်
တင်ပြသည်။ သို့သော် အသရေရှိသူအချို့တို့ရှေ့
တွင် သီးသန့်တင်ပြခြင်းသာဖြစ်သည်။ ထိုသို့မပြု
လျှင်၊ ငါဆောင်ရွက်နေသမျှနှင့် ဆောင်ရွက်ခဲ့သမျှ
၃။ တို့သည်အချည်းနှီးဖြစ်ရပေမည်။ ငါနှင့်အတူပါလာ
သော**တိတု**ကိုပင်လျှင် **ဂရိ**လူမျိုးတစ်ဦးဖြစ်သော်
လည်း အရေဖျားလှီးခြင်းခံရန် မခိုင်းစေခဲ့ကြ။
၄။ **ယေရှု**ခရစ်တော်အားဖြင့် ငါတို့ရရှိသောလွတ်လပ်မှု
ကို လျှို့ဝှက်စွာစုံစမ်း၍ ငါတို့အား ဖမ်းဆီးချုပ်
နှောင်ခွင့်ရာရန်အတွက် ငါတို့အဖွဲ့အစည်းအတွင်း
သို့သွတ်သွင်းခံခဲ့ရသည့် ညီအစ်ကိုအယောင်ဆောင်
အချို့တို့ကြောင့်သာလျှင်ထိုသို့တင်ပြခဲ့ခြင်းဖြစ်သည်။
၅။ ငါတို့၏ဧဝံဂေလိသတင်း ကောင်း၏အမှန်တရားကို

သင်တို့အတွက်ထိန်းသိမ်းထားနိုင်ထိုအယောင်ဆောင်
တို့အား တခဏမျှပင် အခွင့်အရေး မပေးခဲ့ချေ။
၆။ အရေးပါသည်ဟု သတ်မှတ်ခံရသူတို့နှင့်စပ်လျဉ်း၍
ပြောရလျှင်၊ သူတို့၏အရေးပါမှု၊ မပါမှုသည် ငါ့
အတွက်မည်သို့သောခြားနားမှုမျှမရှိ။ ဘုရားသခင်
သည်မျက်နှာလိုက်တတ်သည်မဟုတ်။ ထိုသူတို့၏
အသရေရှိမှုကြောင့်လည်း ငါ၌ ထူးခြားလာသည်
၇။ မဟုတ်ပေ။ **ပေတရု**သည် အရေဖျားလှီးခြင်း
ခံသူတို့ထံသတင်းကောင်းဟောပြောရန် တာဝန်ပေး
အပ်ခံရသကဲ့သို့ ငါသည်လည်း အရေဖျားလှီးခြင်း
မခံသူတို့ထံသို့သတင်းကောင်း ဟောပြောရန်တာဝန်
၈။ ပေးအပ်ခံရကြောင်းကို ထိုသူတို့ သိမြင်ခဲ့ကြ၏။
အကြောင်းမူကား၊ အရေဖျားလှီးခြင်းခံသူတို့အတွက်
တမန်တော်လုပ်ငန်းကို **ပေတရု**အားဖြင့်ဆောင်ရွက်
တော်မူသောအရှင်သည်၊ အရေဖျားလှီးခြင်းမခံသူတို့
အတွက် တမန်တော်လုပ်ငန်းကို ငါ့အားဖြင့်လည်း
၉။ ဆောင်ရွက်တော်မူ၏။ အသင်းတော်၏ မဏ္ဍိုင်များ
အဖြစ်သတ်မှတ်ခံရသော**ယာကုပ်**၊ **ပေတရု**နှင့်**ယော
ဟန်**တို့သည်လည်း ငါ့အားဘုရားသခင်ပေး သနား
တော်မူသော ကျေးဇူးတော်ကို သိမြင်ကြသောအခါ
ငါနှင့်**ဗာနဗ**တို့အားသူတို့၏ညာလက်ရုံးလုပ်ဖော်
ကိုင်ဖက်များအဖြစ် လက်ခံကြပြီး၊ သူတို့သည်
အရေဖျားလှီးခြင်းခံသူတို့ထံသွား၍ ငါတို့ကိုဘာသာ
၁၀။ ခြားတို့ထံသွားစေကြ၏။ ငါတို့သည်ဆင်းရဲသား
တို့ကို သတိရ ကူညီမစရန်သူတို့ အလိုရှိကြ၏။
ထိုသို့ဆောင်ရွက်ရေးသည်ပင်လျှင် ငါအလိုလားဆုံး
ဖြစ်၏။

## အန္တိယောခ့်မြို့တွင် ပေါလုက ပေတရုအား အပြစ်တင်ပြောဆိုခြင်း

၁၁။ သို့ရာတွင် **အန္တိယောခ့်**မြို့သို့ **ပေတရု**ရောက်လာသော
အခါ၊ သူ၏မှားယွင်းသော အပြုအမူကြောင့် ငါသည်
သူ့အား မျက်နှာပြောင်တိုက်၍ဆန့်ကျင်
၁၂။ ပြောဆိုခဲ့၏။ အကြောင်းမူကား၊ **ယာကုပ်**ထံမှ လူ
အချို့တို့မရောက်လာမီက **ပေတရု**သည် လူမျိုးခြား
တို့နှင့် စားသောက်ခဲ့ပြီး၊ ထိုသူတို့ ရောက်လာပြီး
သောအခါတွင်မူကား အရေဖျားလှီးခြင်း ခံသူတို့
အဖွဲ့ကို ကြောက်ရွံ့သောကြောင့် သူသည် လူမျိုး
ခြားတို့အသိုင်းအဝိုင်းမှ ထွက်ခွာ၍ သီးခြားနေလေ
၁၃။ ၏။ ကျန်ရှိသော **ဂျူး**လူမျိုးတို့သည်လည်း **ပေတရု**
ကဲ့သို့ပင် မရိုးသားစွာပြုကျင့်ခဲ့ကြရာ **ဗာနဗ** ပင်
၁၄။ လျှင် သူတို့ဘက်သို့ ပါသွားလေ၏။ သို့ရာတွင်၊
သူတို့သည် ဧဝံဂေလိသတင်းကောင်း၏ အမှန်တရား
နှင့်ပတ်သက်၍ ပွင့်လင်းဖြောင့်မတ်မှု မရှိကြောင်း
ကို ငါတွေ့မြင်သောအခါထိုသူအပေါင်းတို့ရှေ့တွင်
**ပေတရု**အား ငါဆိုခဲ့သည်ကား၊ သင်သည် **ဂျူး**လူ
မျိုးတစ်ဦးဖြစ်လျက်နှင့်**ဂျူး**လူမျိုးကဲ့သို့မနေထိုင်ဘဲ၊
လူမျိုးခြားတို့အား ဂျူးလူမျိုးများကဲ့သို့ နေထိုင်ရန်
သင်မည်ကဲ့သို့ အတင်းအဓမ္မ ပြုစေနိုင်ပါမည်နည်း။

## ဂျူးလူမျိုးများနှင့် လူမျိုးခြားများသည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း ရရှိနိုင်ကြောင်း

၁၅။ ငါတို့ကိုယ်တိုင်ပင် မျိုးရိုးဇာတိအားဖြင့် **ဂျူး**လူမျိုး
များဖြစ်ပြီး၊အပြစ်ကျူးလွန်သူလူမျိုးခြားများမဟုတ်
၁၆။ မဟုတ်ကြချေ။ လူတစ်ဦးသည် ပညတ်တရားကို
စောင့်ထိန်းခြင်းဖြင့် ဖြောင့်မတ်သည့် အဖြစ်သို့
ရောက်ရှိသည်မဟုတ်ပဲ၊ **ယေရှု**ခရစ်တော်ကို ယုံ
ကြည်ခြင်းဖြင့်သာလျှင် ရောက်ရှိကြောင်းကိုသိကြ
၏။ ပညတ်တရားကို စောင့်ထိန်းခြင်းဖြင့်မဟုတ်ပဲ၊
ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်သည့်
အဖြစ်သို့ ရောက်စေခြင်းငှါ ငါတို့သည်လည်း
**ယေရှု**ခရစ်တော်ကို ယုံကြည်ကြသည်။ အကြောင်း
မူကား၊ ပညတ်တရားကို စောင့်ထိန်းခြင်းဖြင့် မည်
သူမျှ ဖြောင့်မတ်သည့်အဖြစ်သို့ မရောက်ရှိနိုင်ပေ။
၁၇။ ငါတို့သည် ခရစ်တော်၌ ဖြောင့်မတ်သည့်အဖြစ်သို့
ရောက်ရှိရန် ကြိုးစားကြရာတွင်ငါတို့ကိုယ်တိုင်ပင်
အပြစ်ကျူးလွန်သူများဖြစ်ကြောင်း တွေ့ရှိကြပါလျှင်
ခရစ်တော်သည် အပြစ်တရားကို ပြုစုသူဖြစ်
၁၈။ သလော။ လုံးဝ မဖြစ်နိုင်ပေ။ အကယ်၍ ငါသည်
မိမိဖြိုဖျက်ခဲ့သည့် အရာကို ပြန်လည်တည်ဆောက်
ပါလျှင် မိမိကိုယ်ကို အပြစ်ကျူးလွန်သူဖြစ်ကြောင်း
၁၉။ သက်သေပြလေပြီ။ အကြောင်းမူကားပညတ်တရား
ကသေစေသည်ဖြစ်ရာ၊ ပညတ်တရားနှင့်ပတ်သက်
လျှင် ငါသည်လူသေဖြစ်၏။ သို့မှသာလျှင် ငါသည်
ဘုရားသခင်အတွက် အသက်ရှင်နိုင်မည်။ ငါ့အား
ပညတ်တရား စောင့်ထိန်းရန်အတွက် ဆိုလျှင်

အသက် မရှိသကဲ့သို့ဖြစ်စေခဲ့ပြီ။
၂၀။ ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တင်၍
သတ်ခြင်းကို ခံခဲ့ပြီ။ ငါအသက်ရှင်နေခြင်း မဟုတ်
တော့ပဲ၊ ခရစ်တော်သာလျှင် ငါ၌ အသက်ရှင်နေခြင်း
ဖြစ်သည်။ အသွေးအသားအားဖြင့် ယခုရှင်သန်သော
အသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်
ခြင်းအားဖြင့်ရှင်သန်လျက်ရှိသောအသက်ပင်ဖြစ်၏။
သားတော်သည် ငါ့ကို ချစ်တော်မူသောကြောင့် ငါ့
၂၁။ အတွက်မိမိအသက်ကိုစွန့်တော်မူ၏။ ငါသည်ဘုရား
သခင်၏ကျေးဇူးတော်ကို မငြင်းပယ်ပေ။အကြောင်း
မူကားပညတ်တရားကို စောင့်ထိန်းခြင်းဖြင့် ဖြောင့်
မတ်သည့်အဖြစ်သို့ ရောက်ရှိနိုင်ခဲ့ပါလျှင် ခရစ်
တော်သည် အကြောင်းမဲ့ သေခဲ့ခြင်းဖြစ်ပေမည်။

## အခန်းကြီး (၃)

## ပညတ်တရားလော၊ ယုံကြည်ခြင်းလော။

၁။ မိုက်မဲလှသော **ဂလားဆီယာ** အသင်းတော်ဝင်တို့
**ယေရှူး**ခရစ်တော်သည် လက်ဝါးကပ်တိုင်တင်၍
အသတ်ခံရသူအဖြစ် သင်တို့မျက်မှောက်တွင် ငါတို့
၂။ ပေါ်လွင်ထင်ရှားစေခဲ့ပြီ။ သင်တို့အား ဤအချက်ကို
သာမေးပါရစေ။ သင်တို့သည် ပညတ်တရားကို
စောင့်ထိန်းခြင်းအားဖြင့် ဝိညာဉ်တော်ကို ခံယူခဲ့ကြ
သလော၊ သို့တည်းမဟုတ် သတင်းကောင်းကို ယုံ
၃။ ကြည်ခြင်းနှင့်ကြားနာခြင်းအားဖြင့်လော။ သင်တို့
ဤမျှလောက် ရူးမိုက်ကြသလော။ ဝိညာဉ်တော်
အားဖြင့် အစပြုခဲ့ကြပြီးမှ အသွေးအသားအားဖြင့်
၄။ ယခုအဆုံးသတ်ကြမည်လော။ အကယ်စင်စစ် သင်
တို့၏အတွေ့အကြုံသည်အချည်းနှီးဖြစ်မည်ဆိုလျှင်
သင်တို့သည် အမျိုးမျိုးသော အကြောင်းတရားတို့
ကို တွေ့ကြုံခံစားခဲ့သည်မှာ အချည်းနှီးသက်သက်
၅။ လော။ ဘုရားသခင်သည် သင်တို့အား ဝိညာဉ်
တော်ကို ပေးတော်မူ၍ တန်ခိုးလက္ခဏာများကိုပြ
တော်မူသည်။ ပညတ်တရားကို သင်တို့စောင့်ထိန်း
ကြသည့်အတွက်လော။ သို့တည်းမဟုတ် သတင်း
ကောင်းကို ယုံကြည်ခြင်း နှင့် ကြားနာကြသည့်
၆။ အတွက်ကြောင့်လော။ **အာဘရာဟမ်**သည် ဘုရား
သခင်ကို ယုံကြည်ခဲ့သဖြင့် သူသည် ဖြောင့်မတ်
သောသူဟု သတ်မှတ်ခြင်းခံခဲ့ရ၏။
၇။ သို့ဖြစ်၍ ယုံကြည်ခြင်းရှိသူတို့သည် **အာဘရာဟမ်**
၏ သားသမီးများဖြစ်ကြသည်ကို သင်တို့သိမှတ်
၈။ ကြလော့။ ဘုရားသခင်သည်ယုံကြည်ခြင်းအားဖြင့်
လူမျိုးခြားတို့ကိုဖြောင့်မတ်သော အဖြစ်သို့ရောက်စေ
တော်မူလိမ့်မည်ကို ကျမ်းစာတော်က ကြိုတင်သိ
မြင်၍ သတင်းကောင်းကို **အာဘရာဟမ်**အား
ကြိုတင်ဟောကြား၍ဆိုသည်မှာ လူမျိုးအပေါင်းတို့
သည်သင်အားဖြင့် ကောင်းချီးမင်္ဂလာခံရကြလိမ့်မည်
၉။ ဟူ၍တည်း။ သို့ဖြစ်၍ ယုံကြည်ခြင်းရှိသောသူတို့
သည် ယုံကြည်ခြင်းရှိခဲ့သူ **အာဘရာဟမ်**နှင့် အတူ
၁၀။ ကောင်းချီးမင်္ဂလာကို ခံရကြ၏။ ပညတ်တရား
စောင့်ထိန်းခြင်းကိုအမှီပြုသူအပေါင်းတို့သည်ကျိန်စာ
၏ဩဇာအောက်တွင်ရှိသင့်ကြ၏။ အကြောင်းမူကား၊
ပညတ်တရားတွင်ပါရှိသမျှကို လိုက်နာပြုကျင့်ခြင်း
မရှိသူတိုင်းသည် ကျိန်စာသင့်စေဟု ကျမ်းစာလာ
သတည်း။
၁၁။ ပညတ်တရားကို စောင့်ထိန်းခြင်းဖြင့် ဘုရားသခင်
ရှေ့မှောက်တွင်မည်သူမျှ ဖြောင့်မတ်သည့်အဖြစ်သို့
ရောက်သည်မဟုတ်ကြောင်း ယခု ထင်ရှားပေပြီ။
အကြောင်းမူကား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်
သည့်အဖြစ်သို့ရောက်သူသည် အသက်ရှင်လိမ့်မည်။
၁၂။ သို့ရာတွင် ပညတ်တရားသည် ယုံကြည်ခြင်းတရား
အပေါ်ရပ်တည်သည်မဟုတ်ပေ။ အကြောင်းမူကား၊
ထိုအရာများကို ကျင့်သူသည် ထိုအရာများအားဖြင့်
အသက်ရှင်လိမ့်မည်ဟူ၍လည်း ကျမ်းစာလာသည်။
၁၃။ သစ်တိုင်တွင် ချိတ်ဆွဲခံရသူတိုင်းသည် ကျိန်စာ
သင့်သည်။ ကျမ်းစာလာသည့်အတိုင်း ခရစ်တော်
သည် ငါတို့အတွက် ကျိန်စာသင့်သူတစ်ဦးဖြစ်လာ
ခဲ့ပြီး၊ ငါတို့ ကိုပညတ်တရား၏ ကျိန်စာမှရွေးနှုတ်
၁၄။ ကယ်တင်တော်မူခဲ့လေပြီ။**အာဘရာဟမ်**ခံယူခဲ့ရသေ
ာကောင်းကြီးမင်္ဂလာသည် **ယေရှူး**ခရစ်တော်အားဖြင့်
လူမျိုးခြားတို့ အပေါ်သက်ရောက်စေမည့်အကြောင်း
နှင့် ကတိထားတော်မူသော ဝိညာဉ်တော်ကို ငါတို့
သည် ယုံကြည်ခြင်းအားဖြင့် ခံယူရကြစေမည့်
၁၅။ အကြောင်းပင်တည်း။ ညီအစ်ကိုတို့ လူသားတို့၏
ဖြစ်ရိုးဖြစ်စဉ်မှ ဥပမာ တစ်ခုကိုပေးရလျှင်၊လူတစ်ဦး
၏သေတမ်းစာချုပ်ကိုပင်လျှင် အခိုင်အမာချုပ်ဆိုပြီး
ပါက မည်သူမျှ မပယ်ဖျက်နိုင် သို့တည်းမဟုတ်
မဖြည့်စွက်နိုင်ပေ။

၁၆။ ဘုရားသခင်သည် ဂတိတော်တို့ကို **အာဗြဟံ**
နှင့် သူ၏အမျိုးအနွယ်အတွက် ထားတော်မူ၏။
သင်၏ အမျိုးအနွယ်များဟု အများကိုရည်ညွှန်း၍
ပြောဆိုခြင်းမဟုတ်ဘဲ၊ သင်၏အမျိုးအနွယ်ဟူ၍သာ
တစ်ဦးတည်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပြီး ထို
၁၇။ သူကားခရစ်တော်ပေတည်း။ ငါဆိုလိုသည်မှာ ဤ
သို့ဖြစ်၏။ ဘုရားသခင် အတည်ပြုထားသည့်
ပဋိညာဉ်တစ်ခုကို ယင်း၏နောက်နှစ်ပေါင်းလေးရာ
သုံးဆယ်ကြာမှပေါ်ပေါက်လာသော ပညတ်တရား
ကမပယ်ဖျက်ပေ။ ကတိတော်ကို အချည်းနှီးဖြစ်စေ
၁၈။ ရန်ပယ်ဖျက်မည် မဟုတ်ပေ။ အကြောင်းမူကားအမွေ
တော်ကိုပညတ်တရားအားဖြင့်ရရှိခဲ့ပါလျှင်ကတိတော်
အားဖြင့်ရရှိခဲ့ခြင်းမဟုတ်တော့ပေ။ သို့ရာတွင်ဘုရား
သခင်သည်ထိုအမွေတော်ကို**အာဗြဟံ**အားကတိ
၁၉။ တော်အားဖြင့် ပေးတော်မူခဲ့ခြင်း ဖြစ်၏။ ထိုသို့ဖြစ်
လျှင်၊ အဘယ်ကြောင့်ပညတ်တရားသည်ပေါ်ပေါက်
ခဲ့သနည်း။ ကတိတော်ကို ဘုရားသခင်ရည်မှန်းပေး
တော်မူခဲ့သည့် **အာဗြဟံ**၏ အမျိုးအနွယ်
မပေါ်ထွန်းမီ အပြစ်ကျူးလွန်မှုများကြောင့် ပညတ်
တရားကိုထပ်လောင်းပေးခဲ့ခြင်းသာဖြစ်၏။ ပညတ်
တရားကိုသိကြားတမန်တော်များအားဖြင့် ကြားဝင်
ဆက်သွယ်သူလူတစ်ဦးမှတဆင့် ပေးအပ်ခဲ့၏။
၂၀။ ကြားဝင်ဆက်သွယ်သူတစ်ဦးဟုဆိုရာတွင် တစ်ဦး
တစ်ယောက်ထက်ပိုသည်ကို ရည်ညွှန်းသည်။ သို့
ရာတွင်ဘုရားသခင်မူကား တစ်ပါးတည်း ဖြစ်တော်
မူ၏။

## ကျေးကျွန်များနှင့် သားသမီးများ

၂၁။ သို့ဖြစ်လျှင် ပညတ်တရားသည် ဘုရားသခင်၏
ကတိတော်တို့နှင့်ဆန့်ကျင်ဖက်ဖြစ်သလော။ မဖြစ်
နိုင်ပေ။ အကယ်၍ အသက်ရှင်စေနိုင်သော ပညတ်
တရားကိုပေးခဲ့သည်ဖြစ်လျှင် စင်စစ်ထိုပညတ်တရား
အားဖြင့်သာဖြောင့်မတ်သည့်အဖြစ်ကိုရပေလိမ့်မည်။
၂၂။ သို့ရာတွင်အရာခပ်သိမ်းတို့သည် အပြစ်မကောင်းမှု
၏လက်အောက်တွင်ကျရောက်နေကြောင်း ကျမ်းစာ
တွင်ဖေါ်ပြထားသည်။ **ယေရှု** ခရစ်တော်အား ယုံ
ကြည်မှုအပေါ်ထားရှိသည့်ကတိတော်ကို ယုံကြည်သူ
တို့အား ပေးသနားနိုင်ရန်အတွက်ပင်တည်း။
၂၃။ ယုံကြည်ခြင်းတရားမပေါ်ထွန်းမီ ငါတို့သည်ပညတ်
တရား၏လက်အောက်တွင်ရှိခဲ့ကြပြီး၊ ယုံကြည်ခြင်း
တရားပေါ်ထွန်းလာသည့်တိုင်အောင် ချုပ်နှောင်ခြင်း
၂၄။ ကိုခံခဲ့ရကြ၏။ ငါတို့သည် ယုံကြည်ခြင်းအားဖြင့်
ဖြောင့်မတ်သည့်အဖြစ်သို့ ရောက်စေရန် အလို့ငှာ၊
ခရစ်တော် ကြွလာတော်မူသည့် အချိန်တိုင်အောင်
၂၅။ ပညတ်တရားသည်ငါတို့၏အထိန်းဖြစ်ခဲ့၏။ သို့ရာ
တွင်ယခုမှာမူယုံကြည်ခြင်းတရားရောက်လာပြီဖြစ်၍
ငါတို့သည်အထိန်းလက်အောက်တွင်မရှိကြတော့ပေ။
၂၆။ သင်တို့အားလုံးသည် ယုံကြည်ခြင်းအားဖြင့် ခရစ်
တော်**ယေရှု**၌ ဘုရားသခင်၏သားသမီးများ ဖြစ်ကြ
သည်။
၂၇။ အကြောင်းမူကား ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်း
ဖြစ်စေရန်ဆေးကြောခြင်းမင်္ဂလာကို ခံယူသူမှန်သမျှ
သည် ခရစ်တော်ကို အဝတ်တန်ဆာသဖွယ်ဝတ်ဆင်
၂၈။ ကြရလေပြီ။ **ဂျူး**နှင့်**ဂရိ**၊ ကျေးကျွန်နှင့်လွတ်လပ်သူ
ယောကျ်ားနှင့် မိန်းမဟူ၍ ခွဲခြားမှု မရှိတော့ပေ။
အကြောင်းမူကား သင်တို့အားလုံးသည် ခရစ်တော်
၂၉။ **ယေရှု**၌တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။သင်တို့သည်
ခရစ်တော်နှင့်သက်ဆိုင်ကြပါလျှင် **အာဗြဟံ**၏
အမျိုးနွယ်ဖြစ်ကြပြီး ကတိတော်ရှိသည့်အတိုင်း
ဘုရားသခင်၏အမွေတော်ကို ခံစားကြရလိမ့်မည်။

## အခန်းကြီး (၄)

၁။ ငါဆိုလိုသည်မှာ အမွေခံမည်သည်ကား ဥစ္စာရှိသမျှ
ပိုင်ဆိုင်သူဖြစ်သော်လည်း အရွယ်မရောက်မီကာလ
၂။ ပတ်လုံး ကျွန်ပမာသာဖြစ်ပေသည်။ သခင် သတ်
မှတ်ထားသောနေ့ရက်မတိုင်မီ သူသည် ထိန်းသိမ်း
စောင့်ရှောက်သူများ၊ အပ်နှံထားသူများလက်အောက်
၃။ တွင်ရှိ၏။ ဝိညာဉ်ရေးရာ၌ မရင့်ကျက်မီအချိန်
ကာလတွင် ငါတို့သည်လည်းထိုနည်းတူဖြစ်ကြ၏။
စကြာဝဠာကို အုပ်စိုးသောဝိညာဉ်များ၏ ကျွန်များ
၄။ ဖြစ်ကြ၏။ သို့ရာတွင် အချိန်ကာလစေ့သောအခါ
ဘုရားသခင်သည်မိမိ၏သားတော်ကို စေလွှတ်တော်
မူ၏။ မိန်းမမှဖွားမြင်ခံယူတော်မူ၍ ပညတ်တရား၏
၅။ လက်အောက်၌ ဖွားမြင်ခဲ့ခြင်းမှာ၊ ငါတို့သည်
ဘုရားသခင်၏ သားသမီးများအဖြစ် မွေးစားခြင်းခံ
ကြရစေရန်နှင့်ပညတ်တရား၏လက်အောက်တွင်ရှိသူ
၆။ တို့ကို ရွေးနှုတ်ရန်အတွက်ပင်ဖြစ်သည်။ ဤနည်း

ဖြင့်၊သင်တို့သည် သားသမီးများဖြစ်ကြသောကြောင့်
ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း သက်သေ
ပြရန်အဘ၊ အဗ္ဗ ဟုကြွေးကြော်သောသားတော်၏
၇။ ဝိညာဉ်တော်ကိုငါ့ကိုနှလုံးထဲသို့ စေလွှတ်တော်မူခဲ့
၏။ သို့ဖြစ်၍ ဘုရားသခင်၏ ဆောင်ရွက်ချက်
ကြောင့် သင်သည်ကျွန်မဟုတ်တော့ဘဲ သားသမီး
ဖြစ်လေပြီ။ သားသမီးဖြစ်လျှင် အမွေခံလည်းဖြစ်
ကြလေပြီ။

## ဂလာတိဆီယာ အသင်းတော်ဝင်တို့အတွက် ပေါလု၏ စိုးရိမ်ပူပန်မှု

၈။ ယခင်က သင်တို့သည် ဘုရားသခင်ကို မသိခဲ့ကြ
သောအခါ၌ ဇာတိအားဖြင့် ဘုရားမဟုတ်သူတို့၏
၉။ အချုပ်အနှောင်ကိုခံခဲ့ရ၏။ ယခုမှာမူကား၊ သင်တို့
သည် ဘုရားသခင်ကို သိရှိလာကြလေပြီ။ သင်တို့
ကို ဘုရားသခင် သိရှိတော်မူလေပြီဟူ၍သာ ဆို
သင့်ပေသည်။ ထိုသို့ဖြစ်လျက်နှင့် သင်တို့သည်
အားနည်း၍မွဲတေလှသော ဝိညာဉ်များထံသို့အဘယ်
ကြောင့် သူတို့၏ ကျွန်အဖြစ် တဖန်ပြန်၍ ဖြစ်လို
၁၀။ ကြသနည်း။ သင်တို့သည် နှစ်၊လ၊နေ့ရက်များနှင့်
ဥတုရာသီ အချိန်ကာလတို့ကို စောင့်ထိန်းလိုက်နာ
၁၁။ နေကြပါသည်တကား။ သင်တို့အတွက် ငါကြိုးပမ်း
ဆောင်ရွက်ခဲ့သည်မှာ အချည်းနှီးပင်ဖြစ်သလောဟု
၁၂။ ငါစိုးရိမ်ပါသည်။ ညီအစ်ကိုတို့ ငါကဲ့သို့ဖြစ်ကြပါ
ဟု သင်တို့အားငါတောင်းပန်ပါသည်။ အကြောင်း
မူကား၊ ငါသည်လည်း သင်တို့ကဲ့သို့ပင်ဖြစ်လာ
လေပြီ။ သင်တို့သည် ငါ့ကိုမည်သို့မျှ မပြစ်မှားခဲ့
၁၃။ ကြ။ ပထမဆုံးအကြိမ် သင်တို့အား သတင်းကိုငါ
ဟောပြောခဲ့ခြင်းမှာ ငါ၏ကျန်းမာရေးချို့တဲ့မှုကြောင့်
၁၄။ ဖြစ်ကြောင်း သင်တို့သိကြ၏။ ငါ၏ကျန်းမာရေး
အခြေအနေသည်သင်တို့အတွက် ဒုက္ခတစ်ခုဖြစ်ခဲ့
သော်လည်း သင်တို့သည် ငါ့ကို အထင်အမြင်
မသေးကြ၊ မပစ်ပယ်ကြ။ ငါ့အား ဘုရားသခင်၏
တမန်တော်တစ်ပါးကဲ့သို့လည်းကောင်း၊ ခရစ်တော်
**ယေရှု**ကဲ့သို့လည်းကောင်း၊သင်တို့ လက်ခံခဲ့ကြ၏။
၁၅။ သင်တို့ခံစားခဲ့ရသည့် ကျေနပ်အားရမှုသည်ယခုမည်
သို့ ဖြစ်လေပြီနည်း။ သင်တို့သည်ဖြစ်နိုင်ပါလျှင်
သင်တို့၏ မျက်စိများကိုထုတ်၍ ငါ့အားပေးလိုခဲ့
၁၆။ ကြောင်းကို ငါသက်သေခံသည်။ အမှန်တရားကို
သင်တို့အားပြောဆိုခြင်းကြောင့် ယခုငါသည်သင်တို့
၁၇။ ၏ရန်သူဖြစ်လေပြီလော။ အချို့သော သူတို့ကသင်
တို့ကို အရေးတယူပြုကြ၏။ သို့သော်လည်းကောင်း
မွန်သည့်ရည်ရွယ်ချက်ဖြင့်မဟုတ်ပေ။ သင်တို့အား
ငါနှင့် အဆက်အသွယ်ပြတ်စေခြင်းဖြင့်သင်တို့သည်
ထိုသူတို့ကို အရေးတယူပြုစေရန် သူတို့အလိုရှိကြ
၁၈။ ၏။ ငါရှိနေသည့် အချိန်တွင်သာမဟုတ်ပဲ၊ ကျန်
အချိန်များတွင်လည်း ကောင်းမွန်သော ရည်ရွယ်
ချက်ဖြင့်အရေးတယူပြုခြင်းသည် အမြဲတစေကောင်း
၁၉။ မွန်ပါပေသည်။ ငါ၏သားသမီးငယ်များတို့ သင်တို့
၌ခရစ်တော်၏စိတ်နေစိတ်ထားကိုမရမချင်း ငါသည်
သင်တို့နှင့်အတူသားဖွားခြင်းဝေဒနာမျိုးကို တစ်ဖန်
၂၀။ ခံစားနေရပါသည်။ ငါသည် ယခုသင်တို့နှင့်အတူရှိ
ပြီး၊ ငါကိုယ်တိုင်ပြောပြလိုသော ဆန္ဒပြင်းပြပါ၏။
အကြောင်းမူကား ငါသည်သင်တို့အတွက် စိတ်ရှုတ်
ထွေးနေလေပြီ။

## ဟာဂါနှင့်ဆာရာတို့၏ ဥပမာ

၂၁။ ပညတ်တရားအောက်၌နေလိုသော သင်တို့ ငါ့အား
ပြောကြပါလော့။ သင်တို့သည်ပညတ်တရားကိုနား
၂၂။ မလည်ကြသလော။ ကျမ်းစာ၌ ရေးထားသည်မှာ
**အာဘရာဟမ်**၌သားနှစ်ယောက်ရှိခဲ့ပြီး တစ်ယောက်
ကား ကျွန်မ၏သားဖြစ်၍၊ အခြားတစ်ယောက်မှာမူ
လွတ်လပ်သော မိန်းမ၏သားဖြစ်၏ ဟူ၍
၂၃။ တည်း။ ကျွန်မ၏သားသည် သာမန်သဘာဝအရ
မွေးဖွားခဲ့ပြီး၊ လွတ်လပ်သောမိန်းမ၏ သားမှာမူ
၂၄။ ကတိတော်အားဖြင့် မွေးဖွားခဲ့ခြင်းဖြစ်၏။ ဤ
အကြောင်းအရာကို ပုံဥပမာတစ်ခုအဖြစ် ခိုင်းနှိုင်း
ရသော်၊ ထိုမိန်းမနှစ်ယောက်ကား ပဋိညာဉ်တရား
နှစ်ပါးကိုဆိုလိုသတည်း။ ပဋိညာဉ်တစ်ပါးကို **ဆိုင်**
**နိုင်**တောင်ပေါ်တွင်ပြု၍၊ ထိုတရားသည် သားသမီး
များကို ကျွန်အဖြစ်ဖွားမြင်စေ၏။ ယင်းမိန်းမကား
၂၅ ကား**ဟာဂါ**ပေတည်း။ **ဟာဂါ**သည်**အာရေးဘီးယား**
ပြည်ရှိ **ဆိုင်နိုင်**တောင်ကိုကိုယ်စားပြုသည်။ သူမ
သည် လက်ရှိ**ဂျေရုဆလင်**မြို့နှင့်တူ၍ မိမိ၏ သား
၂၆ သမီးများနှင့်အတူကျွန်ဘဝရောက်နေ၏။ သို့ရာတွင်
အထက် အရပ်ရှိ **ဂျေရုဆလင်**မြို့မှာမူ လွတ်လပ်၍
၂၇ ငါတို့၏မိခင်ဖြစ်သတည်း။ ကျမ်းစာလာသည်ကား၊
သန္ဓေမတည်သော အချင်းအမြုံမ၊ သားဖွားခြင်း

ဝေဒနာမခံရသောသူမ၊ ကြွေးကြော်ဟစ်အော်လော့။
အကြောင်းမူကားစွန့်ပစ်ခံရသော သူမ၏သားသမီး
များသည် လက်ထပ်ထိမ်းမြားထားသော သူမ၏
သားသမီးများထက် ပိုမိုများပေသည် ဟူ၍တည်း။
၂၈ ညီအစ်ကိုတို့ငါတို့သည် **အီဇက်**ကဲ့သို့ကတိတော်နှင့်
သက်ဆိုင်သောသားသမီးများဖြစ်ကြ၏။
၂၉ သို့ရာတွင်ထိုအချိန်က သာမန်သဘာဝအရမွေးဖွားခဲ့
သူသည် ဝိညာဉ်တော်အရမွေးဖွားခဲ့သူကို ညှင်းပန်း
နှိပ်စက်ခဲ့သည့်နည်းတူ ယခုလည်းထိုကဲ့သို့ပင်
၃၀ ဖြစ်သည်။ သို့ရာတွင်ကျမ်းစာတော်က မည်သို့ဖော်
ပြသနည်း။ ကျွန်မနှင့်သူ၏သားကိုနှင်ထုတ်လော့။
ကျွန်မ၏ သားသည်လွတ်လပ်သော မိန်းမ၏သား
နှင့်အတူ အမွေခံရလိမ့်မည်မဟုတ်ဟုလာသတည်း။
၃၁ ညီအစ်ကိုတို့ငါတို့မှာမူကားကျွန်မ၏သားသမီးများမ
ဟုတ်ပဲ၊ လွတ်လပ်သောမိန်းမ၏ သားသမီးများဖြစ်
ကြ၏။

## အခန်းကြီး (၅)
## ခရစ်ယာန်တို့၏လွတ်လပ်မှု

၁။ ခရစ်တော်သည် လွတ်လပ်မှုတည်ရှိစေရေးအတွက်
ငါတို့အား ကျွန်ဘဝမှလွတ်မြောက်စေတော်မူခဲ့လေ
ပြီ။ထို့ကြောင့်မြဲမြံစွာရပ်တည်ကြလျက် ကျွန်အဖြစ်
၏ထမ်းပိုးကို တဖန်ပြန်၍မထမ်းကြနှင့်။
၂။ ယခု ငါ**ပေါလု**က သင်တို့အားဆိုသည်ကား၊သင်တို့
သည် အရေဖျားလှီးခြင်းခံလျှင် ခရစ်တော်သည်
သင်တို့အတွက် မည်သည့်အကျိုးကိုမျှ ပေးသူဖြစ်
၃။ လိမ့်မည်မဟုတ်ပေ။ အရေဖျားလှီးခြင်း ခံသူတိုင်း
အား ငါသက်သေခံသည်မှာ ထိုသို့သောသူသည်
ပညတ်တရားအားလုံးစုံကို စောင့်ထိန်းရန် ဝတ္တရား
၄။ ရှိသည်။ ပညတ်တရားအားဖြင့် ဖြောင့်မတ်သည့်
အဖြစ်သို့ရောက်လိုသောသင်တို့သည် ခရစ်တော်နှင့်
အဆက်ပြတ်ပြီး ကျေးဇူးတော် တရားလမ်းမှလည်း
၅။ သွေဖယ်ကြလေပြီ။ အကြောင်းမူကား၊ ဖြောင့်မတ်
သော အဖြစ်သို့ရောက်မည်ဟူသော မျှော်လင့်ချက်
ကိုငါတို့သည် ဝိညာဉ်တော်ဘုရားကို အမှီပြု၍ ယုံ
၆။ ကြည်ခြင်းအားဖြင့် စောင့်ငံ့လျက်နေကြ၏။ ခရစ်
တော်**ယေရှူး**၏နောက်လိုက်များအတွက် အရေဖျား
လှီးခြင်းသည်မခံသည်မှာ အရေးမကြီးပေ။ မေတ္တာ
တရားအားဖြင့် ပေါ်လွင်သည့် ယုံကြည်ခြင်းသာ
၇။ လျှင်အရေးကြီးပေသည်။ သင်တို့သည် ဆီလျော်စွာ
နေထိုင်လှုပ်ရှား နေခဲ့ကြပြီးဖြစ်လျက် မည်သူသည်
သင်တို့အား အမှန်တရားကို နာယူခြင်းမပြုရန်
၈။ တားဆီးခဲ့ပါသနည်း။ ဤသွေးဆောင်မှုသည် သင်
တို့ကို ခေါ်တော်မူသောအရှင်ထံမှလာသည်မဟုတ်။
၉။ အနည်းငယ်သော တဆေးသည် မုန့်ညက်တစ်ဖုံလုံး
၁၀။ ကို ဖောင်းကြွစေတတ်၏။ သင်တို့သည် ငါ၏
အယူအဆမှလွဲ၍ အခြားအယူအဆကိုလက်ခံလိမ့်
မည်မဟုတ်ကြောင်း သခင်ဘုရားကို အမှီပြု၍ ငါ
ယုံကြည်စိတ်ချမှုရှိသည်။ သို့ရာတွင် သင်တို့အား
နှောင့်ယှက်သောသူသည် မည်သို့သော သူပင်ဖြစ်
၁၁။ စေကာမူ အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်။ သို့ဖြစ်
သော်လည်း ညီအစ်ကိုတို့ငါသည်အရေဖျားလှီးခြင်း
ကို ဆက်လက်ဟောပြောနေဆဲ ဖြစ်သည်မှန်လျှင်၊
အဘယ်ကြောင့်ညှင်းပန်းနှိပ်စက်ခြင်းကို ခံနေရပါ
သေးသနည်း။ ထိုသို့ဟောပြောခဲ့ပါလျှင်၊ လက်ဝါး
ကပ်တိုင်၏ အတားအဆီးဖြစ်မှုကို ဖယ်ရှားပြီးဖြစ်
၁၂။ လိမ့်မည်။ သင်တို့ကို နှောင့်ယှက်သောသူတို့သည်
မိမိတို့ကိုယ်ကို သင်းကွပ်လိုက်ကြလျှင် ကောင်း
၁၃။ လိမ့်မည်။ ညီအစ်ကိုတို့ သင်တို့သည်လွတ်လပ်
သည့်အဖြစ်သို့ ခေါ်တော်မူခြင်းခံခဲ့ရပြီ။ သင်တို့၏
လွတ်လပ်မှုကိုမူ အသွေးအသားအတွက် အခွင့်
အရေးတစ်ခုအဖြစ် အသုံးမပြုပဲ မေတ္တာတရားရှေ့
ထား၍၊ တစ်ဦးနှင့်တစ်ဦး အကျိုးပြုသူများဖြစ်ကြ
၁၄။ လော့။ အကြောင်းမူကား သင်နှင့်နီးစပ်သောသူကို
ကိုယ်နှင့်အမျှ ချစ်လော့ဟူသော စကားတစ်ခွန်း
တည်းဖြင့် ပညတ်တရား တစ်ခုလုံးကို စောင့်ထိန်း
၁၅။ ပြည့်စုံစေနိုင်သည်။ သို့ရာတွင်သင်တို့သည်အချင်း
ချင်း ကိုက်ဖြတ်ဝါးမြိုကြမည်ဆိုပါလျှင်အချင်းချင်း
ပျက်စီးခြင်းမဖြစ်စေကြရန် သတိပြုကြလော့။

## ဝိညာဉ်တော်၏ အသီးအပွင့်များနှင့် အသွေးအသား၏ လုပ်ဆောင်ချက်များ

၁၆။ ငါဆိုသည်ကား၊ ဝိညာဉ်တော် လမ်းညွှန်သည့်
အတိုင်း လျှောက်လှမ်းကြလော့။ အသွေးအသား၏
၁၇။ ဆန္ဒရမ္မက်များကို မလိုက်လျောကြနှင့်။ အကြောင်း
မူကား အသွေးအသား၏ အလိုဆန္ဒများသည်
ဝိညာဉ်တော်နှင့်ဆန့်ကျင်ပြီး ဝိညာဉ်တော်၏ အလို
ဆန္ဒသည်လည်း အသွေးအသားနှင့် ဆန့်ကျင်၏။

သင်တို့သည်ပြုလိုရာကိုပြုခြင်းမှ တားဆီးရန်အတွက်
ထိုအဖြစ်နှစ်ပါးတို့သည် ဆန့်ကျင်လျက်ရှိ၏။
၁၈။ သို့ရာတွင် သင်တို့သည် ဝိညာဉ်တော်၏လမ်းညွှန်
မှုကို ခံယူလျှင် ပညတ်တရား၏လက်အောက်ခံများ
၁၉။ မဟုတ်ကြတော့ပေ။ အသွေးအသား၏ လုပ်ရပ်များ
ကား သိသာထင်ရှားပေသည်။ ယင်းတို့မှာ ကာမ
ဂုဏ်လိုက်စားခြင်း၊ မစင်ကြယ်ခြင်း၊ အကျင့်ပျက်
၂၀။ ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ စုန်းပြုစားခြင်း၊ ရန်ငြိုး
ဖွဲ့ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ မနာလိုခြင်း၊အမျက်ထွက်
ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ စိတ်ဝမ်းကွဲခြင်း၊
၂၁။ အုပ်စုခွဲခြင်း၊ သဝန်တိုခြင်း၊ သေရည်သေရက်
သောက်ကြူးခြင်း၊ သောက်စားပျော်ပါးခြင်း အစရှိ
သည်တို့ဖြစ်သည်။ ယခင်က ငါသတိပေးခဲ့သည့်
အတိုင်း သင်တို့အား သတိပေးသည်မှာ ထိုကဲ့သို့
သောအရာများကို ပြုကျင့်သူတို့သည် ဘုရားသခင်
၏ နိုင်ငံတော်ကိုအမွေခံကြရလိမ့်မည် မဟုတ်ပေ။
၂၂။ ဝိညာဉ်တော်၏ အသီးအပွင့်များမှာမူကား ချစ်ခြင်း၊
ရွှင်လန်းခြင်း၊ ငြိမ်းချမ်းခြင်း၊စိတ်ရှည်သည်းခံခြင်း၊
သနားကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊သစ္စာရှိခြင်း၊
၂၃။ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကို ချုပ်တည်းခြင်းတို့
ပေတည်း။ ဤကဲ့သို့သော အရာများကို ဆန့်ကျင်
၂၄။ သည့်ပညတ်တရားမရှိ။ ခရစ်တော်**ယေရှု**နှင့် သက်
ဆိုင်သူများသည် အသွေးအသားနှင့် ယင်း၏ တပ်
မက်မှုများ၊ လိုအင်ဆန္ဒများကို လက်ဝါးကပ်တိုင်
၂၅။ ပေါ်တွင်သေစေခဲ့လေပြီ။ ငါတို့သည် ဝိညာဉ်တော်
တော်အားဖြင့် အသက်ရှင်ကြပါလျှင် ဝိညာဉ်တော်
၏ လမ်းညွှန်မှုအတိုင်းလည်း လျှောက်လှမ်း ကြပါ
၂၆။ စို့။ အချည်းနှီးဘဝင်မြင့်မှု၊ တစ်ဦးနှင့်တစ်ဦးရန်ရှာ
မှု၊ တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တိုမှုတို့ကို ရှောင်
ရှားကြကုန်စို့။

## အခန်းကြီး (၆)

### တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်ကြလော့။

၁။ ညီအစ်ကိုတို့ လူတစ်ဦးသည် အပြစ်ကျူးလွန်မိ လျှင်
ဝိညာဉ်ရေးရာလိုက်ကျင့်သော သင်တို့က ထို သူကို
နူးညံ့သိမ်မွေ့သော စိတ်ထားနှင့် ပြုပြင်ပေးသင့်ကြ
သည်။ သင်တို့ ကိုယ်တိုင်လည်း အပြစ်သို့
သွေးဆောင်ခြင်း မခံရကြစေရန် သတိပြုကြလော့။
၂။ တစ်ဦးကိုတစ်ဦးကူညီရိုင်းပင်ခြင်းဖြင့်ခရစ်တော်၏
၃။ တရားတော်ကို လိုက်နာကျင့်သုံးကြလော့။ အကြင်
သူသည် အရေးပါအရာရောက်သူ မဟုတ်ပဲလျက်၊
မိမိကိုယ်ကို အရေးပါ အရာရောက်သူဟုထင်အံ့။
၄။ ထိုသူသည် မိမိကိုယ်ကိုလှည့်စား၏။ လူတိုင်း မိမိ
၏ အပြုအမူကို စစ်ကြောပါစေ။ သို့မှသာလျှင်
မိမိ၏ဂုဏ်ယူဝါကြွား စရာအကြောင်းရင်းသည်သူ
၅။ တစ်ပါး၌မဟုတ်ပဲ၊ မိမိ၌သာရှိပေမည်။ အကြောင်း
မူကား လူတစ်ဦးစီသည် မိမိ၏ ဝန်ထုပ်ကိုထမ်းရ
၆။ မည်သာဖြစ်သည်။ နှုတ်ကပါဌ် တရားတော်ကို
သင်ယူသောသူသည် သင်ပေးသောသူအား ကောင်း
၇။ သောအရာရှိသမျှတို့ကို ဝေမျှပေးပါစေ။ အယူအဆ
မလွဲမှားကြနှင့်။ ဘုရားသခင်ကို မထီမဲ့မြင်ပြု၍မရ။
လူသည် မိမိ မျိုးစေ့ကြဲသည့်အတိုင်း ရိတ်သိမ်းရ
၈။ မည်လည်းဖြစ်၏။အကြောင်းမူကား၊ အသွေးအသား
အတွက် မျိုးကြဲသောသူသည် အသွေးအသားမှ ပုပ်
၉။ ပျက်ခြင်းကို ရိတ်သိမ်းရလိမ့်မည်။ ကောင်းသော
အကျင့်ကို ကျင့်ရာတွင် စိတ်ပျက်အားလျော့ခြင်း
မရှိကြနှင့်။ အကြောင်းမူကား ငါတို့သည် စိတ်
ပျက်အားလျော့ခြင်း မရှိလျှင်၊ အချိန်တန်သောအခါ
၁၀။ အခါ ရိတ်သိမ်းကြရလိမ့်မည်။ သို့ဖြစ်၍ ငါတို့၌
အခွင့်အရေး ရှိသည်နှင့်အညီ လူခပ်သိမ်းတို့၏
ကောင်းကျိုးကိုဆောင်ရွက်ကြကုန်စို့။ ယုံကြည်ခြင်း
၏မိသားစုဝင်များအတွက် အထူးသဖြင့် ဆောင်
ရွက်ကြစို့။

### နောက်ဆုံးသတိပေးခြင်းနှင့် ကောင်းချီးမင်္ဂလာ

၁၁။ မည်မျှလောက်ကြီးမားသော စာလုံးများဖြင့် သင်တို့
ထံသို့ ငါ့လက်များနှင့် စာရေးသည်ကို ကြည့်ကြ
၁၂။ လော့။ သင်တို့အားအရေဖျားလှီးခြင်းခံရန် အတင်း
အဓမ္မ တိုက်တွန်းကြသူများသည် လူ့သဘာဝအရ
ပေါ်လွင်မှုထင်ရှားလို၍ဖြစ်ပြီး၊ ခရစ်တော်၏ လက်
ဝါးကပ်တိုင်အတွက် ညှင်းပန်းနှိပ်စက်ခြင်းမခံရစေ
ရန်အတွက်သာဖြစ်သည်။
၁၃။ အကြောင်းမူကား၊ အရေဖျားလှီးခြင်းခံသောသူတို့ပင်
လျှင် မိမိတို့ ကိုယ်တိုင်ပညတ်တရားကိုစောင့်ထိန်း
ကြသည် မဟုတ်။ သူတို့သည် အသွေးအသားကို
အမှီပြု၍ဂုဏ်ယူဝါကြွားလိုသောကြောင့် သင်တို့
၁၄။ အားအရေဖျားလှီးခြင်းခံယူစေလိုကြသည်။ ငါတို့

သခင်**ယေရှု**ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်အတွက်မှလွဲ၍ အခြားအရာများအတွက် ဂုဏ်ယူဝါကြွားခြင်းသည် ငါနှင့်ဝေးပါစေ။ ခရစ်တော်အားဖြင့်ကမ္ဘာလောကသည် ငါ့အတွက်လက်ဝါးကပ်တင်အသတ်ခံထားပြီးဖြစ်သကဲ့သို့ ငါသည်လည်းကမ္ဘာလောကအတွက် ထိုနည်းတူပင်ဖြစ်၏။

၁၅။ အကြောင်းမူကား၊ အရေဖျားလှီးခြင်းခံသည်၊ မခံသည်မှာအရေးမကြီးပေ။ အသစ်တဖန် ဖန်ဆင်းခံရခြင်းသည်သာအရေးကြီးပေသည်။

၁၆။ ဤလမ်းစဉ်ကိုလျှောက်လှမ်း သူတို့နှင့်ဘုရားသခင်၏ **အစ္စရေး**လူမျိုးတော်အပေါ်သို့ ငြိမ်းချမ်းခြင်းနှင့်ကရုဏာတော်သက်ရောက် တော်မူပါစေ။

၁၇။ ယခုမှစ၍ ငါ့ကိုမည်သူမျှ မနှောင့်ယှက်ပါစေနှင့်။ အကြောင်းမူကား ငါသည်သခင်**ယေရှု**၏အမှတ်အသားများကို ငါ၏ကိုယ်ခန္ဓာတွင် ဆောင်ထား၏။

၁၈။ ညီအစ်ကိုတို့ ငါတို့ သခင်**ယေရှု** ခရစ်တော်၏ ကျေးဇူးတော်သည် သင်တို့၏ စိတ်နှလုံးတွင်တည်ရှိတော်မူပါစေသော။ အာမင်။